# တီကောင်အကြိုက်

ဒီနေ့ ဘောလုံးပွဲကတော့ လူတောနဲ့ ဝက်လက် အကြီးအကျယ် ခြေစမ်းပွဲ။

လူတောသားတွေ ရွာလုံးကျွတ် လာကြည့်ကြတာပေါ့။

ဝက်လက်ဘောလုံးသမား တစ်ယောက်က ဆင်ခွာကြီးနဲ့ ပေါင်လုံးကြီးတွေကလည်း တုတ်တုတ်ခိုင်ခိုင်မို့ -

"ဟလိုလေးကွယ် ... တုတ်လိုက်တဲ့ ပေါင်တန်ကြီးတွေများ ဘုန်းကြီးကျောင်းအိုထဲက ကျောက်တိုင်ကြီးတွေလားမှတ်ရ"

လူတောသားတစ်ယောက်က ချီးမွမ်းသံနဲ့လှောင်သံ နှစ်မျိုးစွက်ထားတဲ့ စကားနဲ့ အသံပေးလိုက်တယ်။

"အေးဟ ကြီးလိုက်တဲ့ခေါင်းကြီးကလည်း ပိပါပေါ်က အုန်းသီးအတိုင်းပဲ"

နောက်တစ်ယောက်က ဖြည့်စွက်ချက်ပေးလိုက်ပါတယ်။

ဒီတွင် တတိယလူက နိဂုံးချုပ်ပေးလိုက်ပုံကတော့...

"အေးကွ ... သေတဲ့အခါ တီကောင်တွေ သဘောကျတာဒီကိုယ်လုံးကြီးမျိုးပေါ့"

ဝေါခနဲရယ်သံကြီးက နောက်ဆက်တွဲပေါ်လာတော့တာပါပဲ။